# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 2, 2020 Volume 32, Number 2


| ၂.၆.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၃၇ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၇၅၀၀ |
| ဒေါ်လာဈေး | = ၁၄၀၂/- ကျပ် |
| CBM Rate | = ၁၃၉၆.၈ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၆၁.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၆.၈၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၅၃.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၆.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၅၆.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၆.၆၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၅၆၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၃၀ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၆.၃၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၃၁၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


# မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရေးအတွက် နိုင်ငံခြားကုန်သည်ကြီးများအသင်းအနေဖြင့် နိုင်ငံတော်အစိုးရနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည်



မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရေးအတွက် နိုင်ငံခြားကုန်သည်ကြီးများအသင်းအနေဖြင့် နိုင်ငံတော်အစိုးရနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (MIFER) မှ သိရသည်။ AustCham Myanmar က ဦးဆောင်ကျင်းပသည့် Webinar ကို မေ ၂၉ ရက်က ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တက်ရောက်ဆွေးနွေးခဲ့ကြောင်းသိရသည်။ AustCham Myanmar က ဦးဆောင်ကျင်းပသည့် နိုင်ငံခြားကုန်သည်ကြီးများ အသင်းနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များဆိုင်ရာ Webinar ပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဒုတိယဝန်ကြီးများဖြစ်သည့် ဦးဆက်အောင်၊ ဦးဗရတ်ဆင်းနှင့် အတူ ရုံးအမှတ် (၁) နေပြည်တော်မှ Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက် ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများကို အတူတကွပူးပေါင်းဆောင်ရွက်ရေးအတွက် ယခုကဲ့သို့သော ဆွေးနွေးမှုများကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စက်ရုံအလုပ်ရုံများနှင့် အိမ်ထောင်စုများကြုံတွေ့ရလျက်ရှိသည့် ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲများကို လျော့ပါးစေရေးအတွက် COVID–19 Fund နှင့် ဥရောပသမဂ္ဂ၏ ငွေကြေး ပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိသည့် “မြန်ကူ” အစီအစဉ်ကဲ့သို့သော အစီအစဉ်များမှတစ်ဆင့် ငွေကြေးထောက်ပံ့မှုများကို ဆောင်ရွက်လျက်ရှိကြောင်းပြောကြား

သည်။

စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP) နှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့်အစီအမံများကို ဒုတိယဝန်ကြီး ဦးဆက်အောင်က အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းက COVID-19 ကပ်ရောဂါ ဖြစ်ပွားနေဆဲဖြစ်သော်လည်း လက်ရှိဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်မှုမှာ ဒေါ်လာ ၄ ဒသမ ၁ ဘီလျံကျော် စီးဝင်ပြီးဖြစ်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မျှော်မှန်းချက်ဖြစ်သည့် ဒေါ်လာ ၅ ဒသမ ၈ ဘီလျံကို ပြည့်မီနိုင်မည်ဟု မျှော်မှန်းကြောင်းပြောကြားခဲ့သည်။ AustCham Myanmar ၏ Chairperson ဖြစ်သူ Mr.Chris Hughes က နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးပြန်လည်ဦးမော့လာစေရေးဆောင်ရွက်မှုများကို တိုက်ရိုက်သိရှိခွင့်ရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလွယ်ကူချောမောစွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများနှင့် လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရသည့်အတွက် မိမိတို့အနေဖြင့်ကြိုဆိုပါကြောင်း၊ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအကောင်အထည်ဖော်ရေးအတွက် မိမိတို့စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်အစိုးရနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံခြားကုန်သည်ကြီးများအသင်း ၁၅ ခုမှ ကိုယ်စားလှယ်ပေါင်း ၄၀၀ ကျော် တက်ရောက်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှသိရသည်။ ယခုဘဏ္ဍာနှစ်အတွက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်ပြည့်မီရန် ဒေါ်လာ ၂ ဒသမ ၄ ဘီလျံ လိုအပ်နေသေးသော်လည်း ထပ်မံခွင့်ပြုပေးရန် ရင်းနှီးမြှုပ်နှံမှုအသစ် ဒေါ်လာ ၁ ဒသမ ၃ ဘီလျံနီးပါးနှင့် ကျန်ကာလအတွင်းဝင်ရောက်လာမည့် ရင်းနှီးမြှုပ်နှံမှုများကြောင့် လျာထားချက်ပြည့်မီနိုင်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောကြားသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ရင်းနှီးမြှုပ်နှံမှု မျှော်မှန်းလျာထားချက်မှာ ဒေါ်လာ ၅ ဒမသ ၈ ဘီလျံဖြစ်သည်။ လက်ရှိအချိန်အထိ ဒေါ်လာ ၃ ဒသမ ၄ ဘီလျံခွင့်ပြုပေးထားသဖြင့် လျာထားချက်ပြည့်မီရန် ဒေါ်လာ ၂ ဒသမ ၄ ဘီလျံ လိုအပ်နေသေးသည်။ "အသစ်လျှောက်ထားမည့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဒေါ်လာ ၁ ဒသမ ၃ ဘီလျံနီးပါးရှိပြီး လိုအပ်ချက်များကို စစ်ဆေးနေပါတယ်။ ကျန်ရှိကာလများတွင် အသစ်လျှောက်ထားမယ့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးများပေါင်းပါက ရည်မှန်းချက်ရောက်ရှိနိုင်ပါတယ်" ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောကြားသည်။

**Source:** https://news-eleven.com/article/176179

## စီးပွားရေးလုပ်ငန်းများ ပိတ်ထားရသောကြောင့် မြန်မာ့ထုတ်လုပ်ရေးကဏ္ဍတစ်ခုလုံး မေလတွင် တစ်ဟုန်ထိုးဆက်လက်ကျဆင်းခဲ့ပြီး အလုပ်အကိုင်နေရာများနှင့် ကုန်ချောသိုလှောင်ထားမှုများ စံချိန်တင်ကျဆင်း



စီးပွားရေးလုပ်ငန်းများ ပိတ်ချထားရသောကြောင့် မြန်မာ့ထုတ်လုပ်ရေးကဏ္ဍတစ်ခုလုံး မေလတွင် တစ်ဟုန်ထိုး ဆက်လက်ကျဆင်းခဲ့ပြီး အလုပ်အကိုင်နေရာများနှင့် ကုန်ချောသိုလှောင်ထားမှုများ စံချိန်တင်ကျဆင်းခဲ့ကြောင်း ၂၀၂၀ ပြည့်နှစ် မေလအတွက် ထုတ်ပြန်သောနစ်ကေးမြန်မာ့စက်မှုကုန်ထုတ်လုပ်ငန်း PMI အညွှန်းကိန်း (Manufacturing Purchasing Manager's Index - ဝယ်ယူရေးမန်နေဂျာများ၏အညွှန်းကိန်း) အရသိရသည်။

မေလစစ်တမ်းဒေတာအရ ကိုရိုနာဗိုင်းရပ်စ် (COVID-19) ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ရန် စီးပွားရေးလုပ်ငန်းများအများအပြားပိတ်ချထားရ၍ မြန်မာ့ထုတ်လုပ်ရေးကဏ္ဍသည် မေလတွင်သိသာစွာဆက်လက်ကျဆင်းခဲ့သည်။ ထုတ်လုပ်မှု၊ အော်ဒါအသစ်များနှင့် ထည့်သွင်းကုန်ဝယ်ယူမှုများအားလုံး ၂၀၁၅ ခုနှစ် ဒီဇင်ဘာ စစ်တမ်းစတင်ခဲ့ချိန်မှစပြီး ဒုတိယအမြန်ဆုံးစံချိန်တင်နှုန်းများဖြင့် ကျဆင်းလာခဲ့ကာ အလုပ်နေရာများနှင့် သိုလှောင်ထားသည့် ကုန်ချောစာရင်းမှာလည်း စံချိန်တင်နှုန်းသစ်များဖြင့် ကျဆင်းလာခဲ့သည်။ PMI အညွှန်းမှာ အမှတ် ၅၀ အောက် သိသိသာသာဆက်လက်နိမ့်ကျနေခြင်းက

မြန်မာနိုင်ငံအတွင်း လုပ်ငန်းအခြေအနေများ လျင်မြန်စွာ ထပ်၍ဆုတ်ယုတ်လာခြင်းကို အချက်ပြနေသည်။ ညွှန်းကိန်းမှာ ဧပြီ၏ အနိမ့်ဆုံး ၂၉ မှ မေတွင် ၃၈ ဒသမ ၉ သို့ မြင့်တက်လာခဲ့သော်လည်း ယင်းညွှန်းကိန်းမှာ စစ်တမ်းကောက်ယူခဲ့သည့် လေးနှစ်ခွဲကာလအတွင်း မကြုံစဖူး သိသာစွာနိမ့်ကျနေဆဲဖြစ်သည်။ စက်ရုံလုပ်ငန်းများ ရပ်တန့်ထားရပြီး ပြည်တွင်းနှင့် နိုင်ငံတကာမှလုပ်ငန်းများပိတ်ချထားရမှုကြောင့် ဝယ်လိုအားဆက်လက်ကျဆင်းလာခဲ့ကာ လုပ်သားများက မိမိတို့၏ ဇာတိဒေသများသို့ ဆက်လက်ပြန်နေကြသည့်အတွက် PMI တွက်ချက်မှုထဲ လေးပုံသုံးပုံခန့်အထိ ထည့်သွင်းစဉ်းစားရသည့် ထုတ်လုပ်မှု၊ အော်ဒါအသစ်များနှင့် အလုပ်နေရာအသီးသီးက မေလတွင် ညွှန်းကိန်းအပေါ် ဖိစီးလာခဲ့သည်။ ပစ္စည်းပေးသွင်းမှုကြာမြင့်ချိန်များ ရှေ့ဆက်တိုးလာခဲ့သော်လည်း ဧပြီ၊ မတ်နှင့်စာလျှင် နည်းပါးခဲ့သည်။ PMI တွင် နောက်ဆုံးပါဝင်သည့် ထည့်သွင်းကုန်သိုလှောင်မှုများမှာ မှတ်တမ်းထဲတွင် တတိယအမြန်ဆုံးနှုန်းဖြင့် ကျဆင်းသွားခဲ့သည်။

တစ်ကမ္ဘာလုံးတွင် ကိုရိုနာဗိုင်းရပ်စ် ကပ်ဘေးကြောင့် ဝယ်လိုအား ရေရှည်ကျဆင်းလာမည်ဟု ကုမ္ပဏီများက ထည့်တွက်ထားကြရာ ထုတ်လုပ်ရေး၊ လုပ်သားအင်အားမှာ မေလတွင် စံချိန်တင်အရှိန်ဖြင့် လျော့နည်းလာခဲ့သည်။ ဧပြီလ၏ ၃၇ ရာခိုင်နှုန်းနှင့်ယှဉ်ကြည့်လျှင် မေလတွင် ကုမ္ပဏီ ၄၅ ရာခိုင်နှုန်းတို့က လုပ်သားအင်အားကို လျှော့ချခဲ့ကြသည်။ မြန်မာနိုင်ငံရှိ ထုတ်လုပ်ရေးယူနစ်များစွာတို့က ထုတ်လုပ်မှုကို ဆက်လက်ရပ်တန့်ထားကြသော်လည်း လက်ကျန်အလုပ်များ လျင်မြန်စွာ ကုန်ခမ်းလာမှုမှာ လွန်ခဲ့သည့် သုံးလတာကာလအတွင်း အော်ဒါအသစ်များ ရရှိမှုစံချိန်တင်ကျဆင်းမှုကို ထင်ဟပ်နေသည်။ ယင်းကုန်ခမ်းမှုနှုန်းမှာ သိသာခဲ့သော်လည်း ဇန်နဝါရီလမှစပြီး အနှေးဆုံးဖြစ်ခဲ့ပြီး ကုန်ချောလက်ကျန်စာရင်းများမှာ အဟုန်သစ်နှင့်ကျဆင်းခဲ့ခြင်းဖြစ်သည်။ ထည့်သွင်းကုန်အသစ်များ ဝယ်ယူမှုမှာ မေလတွင် လျင်မြန်စွာကျဆင်းလာခဲ့ရာ ပစ္စည်းပေးသွင်းမှုနှင့် ဝယ်လိုအားနှစ်ရပ်စလုံးနှင့် ဆက်စပ်နေသည်။ ကျဆင်းမှုနှုန်းမှာ ဧပြီလထက် အားပျော့လာခဲ့သော်လည်း မှတ်တမ်းထဲတွင် ဒုတိယအမြန်ဆုံးဖြစ်နေဆဲ ဖြစ်သည်။ ပစ္စည်းပေးသွင်းမှုကြာမြင့်ချိန်များ တိုးလာခဲ့သော်လည်း ဧပြီ၊ မတ်လနှင့် နှိုင်းယှဉ်လျှင် နည်းပါးခဲ့သည်။ ထုတ်လုပ်ရေးထည့်သွင်းကုန်များ၏ ဈေးနှုန်းများမှာ ဝယ်လိုအားကျဆင်းလာခဲ့သောကြောင့် သုံးလအတွင်း ဒုတိယအကြိမ် ကျဆင်းသွားခဲ့သည်။ ဤအတောအတွင်း ထုတ်ကုန်များအတွက် တောင်းဆိုသည့်ဈေး နှုန်းများမှာ ခြောက်လအတွင်းတွင် ငါးကြိမ်မြောက် ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာ ကပ်ဘေးရောဂါကြောင့် လုပ်ငန်းများရပ်တန့်ခဲ့ရသည့် အပြင်းထန်ဆုံးကာလ တဖြည်းဖြည်း လွန်မြောက်လာပြီဖြစ်ကြောင်း သက်သေပြခဲ့သည့်လက္ခဏာတစ်ရပ်မှာ ထုတ်လုပ်မှုမျှော်လင့်ချက်များ မေလတွင် မသိမသာမြင့်တက်ခဲ့သည်။ ကုမ္ပဏီအချို့က လာမည့်လများအတွင်း ထုတ်လုပ်မှုများ ပြန်လည်စတင်နိုင်မည်ဟု မျှော်မှန်းကြသည်။ သို့သော်လည်း အကောင်းမြင်စိတ်မှာမူ လေးနှစ်ခွဲကြာ စစ်တမ်းသမိုင်းနှင့်နှိုင်းယှဉ်လျှင် အားနည်းနေဆဲဖြစ်သည်။ အဆိုပါစစ်တမ်းကို ပြုစုပေးသည့် IHS Markit မှ စီးပွားရေးပညာရှင် Trevor Balchin က “ မြန်မာနိုင်ငံရဲ့ ကုန်ထုတ်လုပ်ရေးလုပ်ငန်းတွေ မေလမှာ ပိတ်ချထားရတာကြောင့် ပြင်းထန်စွာထိခိုက်ခဲ့ပြီး PMI အတွက် သော့ချက်ကျတဲ့အညွှန်းတွေ လျင်မြန်စွာကျဆင်းနေဆဲဖြစ်ပါတယ်” ဟုပြောကြားသည်။ ယခုထုတ်ပြန်ထားသော စစ်တမ်းကို IHS Markit က စက်မှုကုန်ထုတ်လုပ်ငန်းများထံမှ ကောက်ယူစုစည်းရရှိသည့် စစ်တမ်းမူလကိန်းဂဏန်းများကို အခြေခံပြုစုထားခြင်းဖြစ်ပြီး ဂျပန်အခြေစိုက် Nikkei မီဒီယာအုပ်စုက ပံ့ပိုးထားခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/176520

## ကျယ်ဂေါင်တွင် ပိတ်မိနေသောဆန်များ ပြန်လည်တင်ပို့ခွင့်ရ

ပိုးမွှားရောဂါကင်းစင်ကြောင်း ထောက်ခံချက်ပြဿနာကြောင့် တရုတ်နိုင်ငံအတွင်း ပိတ်မိနေသောဆန်များ မေလကုန်ပိုင်းက ပြန်လည်တင်ပို့ခွင့်ရပြီဟု မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းကပြောသည်။ တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့တွင် နှစ်လခန့်ပိတ်မိနေသော ဆန်အိတ်ရေ ၁၂၀,၀၀၀ မှ အိတ်ရေ ၆၀၀၀၀ ကို ရောင်းချနိုင်ခဲ့သည်ဟု ၎င်းကပြောသည်။ “ဆန်တွေကို မြန်မာနိုင်ငံ ပြန်သယ်တယ်။ ပြီးတော့ မူဆယ်မှာ ပိုးမွှားကင်းစင်ကြောင်း စစ်တယ်။ စစ်ဆေးပြီး လက်မှတ်ရတော့မှ ဟိုဘက်ကို ရောင်းတာပါ” ဟု ဦးမင်းသိန်းကပြောသည်။ တရုတ်အစိုးရ၏နယ်စပ်မှ ဆန်တင်သွင်းခွင့်မူဝါဒ အပြောင်းအလဲကြောင့် မြန်မာနိုင်ငံမှတင်ပို့လိုက်သည့် ဆန်အိတ် ၁၂၀,၀၀၀ သည် ပြီးခဲ့သည့် ဧပြီက ကျယ်ဂေါင်တွင် ပိတ်မိခဲ့ခြင်းဖြစ်သည်။

မြန်မာဆန်များ တရုတ်နိုင်ငံအတွင်း ပိတ်မိနေခြင်းကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ကလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ တင်ပြခဲ့သည့်အပြင် မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးမှ စိုက်ပျိုးရေး၊ စီးပွားရေးသံမှူးများနှင့်လည်း ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ တရုတ်နိုင်ငံတွင် ပိတ်မိနေသောဆန်များသည် မူဆယ်မြို့တွင် ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်ဖြင့် တင်ပို့ထားသောဆန်များဖြစ်သည်။ တရုတ်အစိုးရက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ထုတ်ပေးထားသောလက်မှတ်ကိုသာ အသိအမှတ်ပြုမည်ဖြစ်၍ ကျယ်ဂေါင်ဂိုဒေါင်အတွင်းမှ ထုတ်ယူမရခြင်းဖြစ်သည်။

တရုတ်သို့ ဆန်များပြန်လည်တင်ပို့နိုင်ခြင်းသည် မူဆယ်တွင် ဝန်ကြီးဌာနက ပိုးမွှားကင်းစင်ကြောင်းထောက်ခံချက်ကို စစ်ဆေးပေးခြင်းကြောင့်ဟု ဦးမင်းသိန်းကပြောသည်။ ကျယ်ဂေါင်မှဆန်များကို မူဆယ်သို့သယ်ယူစစ်ဆေးပြီး တရုတ်သို့ ပြန်လည်တင်ပို့ခြင်းဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် အလုပ်သမားစရိတ်နှင့် ကားခများကြောင့် ဆန်တစ်အိတ်ကို ကျပ်တစ်ထောင်ခန့် အပိုကုန်ကျကြောင်း မူဆယ်မှဆန်ကုန်သည်အချို့ကပြောသည်။ လက်ရှိတွင် အစိုးရ၏ ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်ရရှိထားသော ဆန်အိတ် ၁၂,၀၀၀ ဝန်းကျင်ကို နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်သို့နေ့စဉ် တင်ပို့နေသည်။

**Source:** https://7day.news/detail?id=187621

## ပြည်ပသို့ တန်ဖိုးနည်းရေထွက်ကုန်များသာ တင်ပို့ရောင်းချနေရ



ကိုဗစ်ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း ပြည်ပသို့တန်ဖိုးနည်းရေထွက်ကုန်များသာ တင်ပို့ရောင်းချနေ ရကြောင်း မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းအေးက ဆိုသည်။ "ငါးပုစွန်တင်ပို့မှုကတော့ကျတာပေ့ါ ။ ကမ္ဘာ့ဈေးကွက်မှာလည်း ရေထွက်ကုန်ပစ္စည်းတွေ အဝယ်ရပ်၊ အဝယ်လျှော့ထားတော့ တင်ပို့မှုကတော့ ကျတာပေါ့။ ကမ္ဘာမှာလည်းစားသောက်ဆိုင်တွေက ပိတ်ထားကြတော့ မဖြစ်မနေ စားတဲ့ဟာလောက်ပဲ မှာယူမှုရှိတယ် " ဟု ဦးထွန်းအေးကဆိုသည်။ လတ်တလောတွင် ရေထွက်ကုန်များ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ဈေးနှုန်းကျဆင်းနေပြီး တန်ဖိုးမြင့် ရေထွက်ကုန်ပစ္စည်းများမှာ ပြည်ပမှ ဝယ်ယူမှု လုံးဝနီးပါးရပ်နေကြောင်း ၎င်းကဆိုသည်။ ကိုဗစ်ရောဂါ ကူးစက်မှုဖြစ်ပွားနေသည့်ကာလအတွင်း ပြည်တွင်းတွင် တန်ဖိုးမြင့်ရေထွက်ကုန်ပစ္စည်းများကို ပိုမိုလွယ်ကူစွာ ဝယ်ယူစားသုံးရကြောင်း မြောက်ဥက္ကလာပမြို့နယ်နေ မချိုဝတ်ရည်ကဆိုသည်။ " အရင်နှစ်တွေတုန်းက ကျောက်ပုစွန်တို့ ကဏန်းတို့ကို ဒီလောက်ဈေးနဲ့ဝယ်လို့မရဘူး။ကျောက်ပုစွန်ဆို ဝယ်ရတာလည်း ခက်တယ်။ အခုဆို သင့်တင့်တဲ့ဈေးနှုန်းနဲ့ ဝယ်လို့ရလာတယ် "ဟု မချိုဝတ်ရည်က ပြောသည်။

တန်ဖိုးမြင့် ရေထွက်ကုန်ပစ္စည်းများ ပြည်ပတင်ပို့ရောင်းချရမှု လျော့နည်းလာသော်လည်း ပြည်ပသို့ ရေထွက်ကုန်ပစ္စည်း တင်ပို့မှုပမာဏမှာ ယခင်ကာလတူနှင့်နှိုင်းယှဉ်ပါက မြင့်မားနေဆဲဖြစ်ကြောင်း ရန်ကုန်တိုင်းငါးလုပ်ငန်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးသက်နိုင်ကဆိုသည်။ ယခုဘဏ္ဍာနှစ် မေလဆန်းပိုင်းအထိ မြန်မာ့ရေထွက်ကုန် ကန်ဒေါ်လာ သန်း ၆၀၀ နီးပါးအထိ ပြည်ပသို့ တင်ပို့ထားကာ ပြီးခဲ့သည့်နှစ် ကာလတူထက် ကန်ဒေါ်လာသန်း ၈၀ ခန့် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနစာရင်းများတွင်ဖော်ပြထားသည်။ ပြီးခဲ့သည့် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်က ပြည်ပ ရေထွက်ကုန်ပစ္စည်းတင်ပို့မှု စုစုပေါင်းပမာဏမှာ ကန်ဒေါ်လာ သန်း ၇၂၈ သန်းကျော် ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/139807.html

## ပြည်တွင်းစက်သုံးဆီသုံးစွဲမှု ပြန်တက်၊ ဈေးနှုန်း အတက်ဘက်ဦးတည်




ပြည်တွင်းစက်သုံးဆီသုံးစွဲမှုသည် အနည်းငယ်ပြန်တက်လာသော်လည်း ဈေးကွက်အတွင်း ဝယ်ယူသူနည်းပါးခဲ့ပြီး ဈေးနှုန်းများသည် အတက်ဘက်တွင် ဆက်လက်ရှိနိုင်ကြောင်း စက်သုံးဆီလုပ်ငန်း လုပ်ကိုင်နေသူများထံမှသိရသည်။ မြန်မာနိုင်ငံ အနှံ့အပြားတွင် အသွားအလာကန့်သတ်မှုများ ဖြေလျှော့ပြီးနောက်၌ ပြည်တွင်းသုံးစွဲမှုနှုန်း အနည်းငယ်မြင့်တက်လာသော်လည်း ဈေးကွက်အတွင်းသို့လှောင်ထားသည့် စက်သုံးဆီများကြောင့် လက်ရှိတွင် ဝယ်ယူမှုနည်းပါးနေခြင်းဖြစ်သည်။ “ပြည်တွင်းသုံးစွဲမှုက လက်ရှိမှာ ၅၅ ရာခိုင်နှုန်း လောက်အထိပြန်သုံးစွဲလာပါပြီ။ ပုံ မှန်ဈေးကွက်အမှာတွေလည်း ပုံမှန်တော့ရှိနေတယ်။ ဒါပေမယ့် ဆီဈေးကျတုန်းက ဝယ်ပြီး လှောင်ခဲ့တာရှိတော့ လက်ရှိမှာ ဈေးကွက်မှာ အရောင်းအဝယ်နည်းနေသေးတယ်”ဟု ပြည်တွင်းစက်သုံးဆီဖြန့်ဖြူးသည့် ကုမ္ပဏီတစ်ခုဖြစ်သည့် MK High Class Fuel Distribution ၏ စီအီးအို ဦးမင်းအောင်ခန့်ကဆိုသည်။

ပြည်တွင်းစက်သုံးဆီ ဈေးကွက်အတွင်း ယခင်ဆီဈေးနှုန်းကျဆင်းချိန်တွင် စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် ဧပြီလဆန်းတွင် ဝယ်ယူသိုလှောင်မှုများရှိခဲ့ပြီး လက်ရှိတွင် အသွားအလာကန့်သတ်မှု ဖြေလျှော့မှုများရှိလာသော်လည်း အရောင်းအဝယ်အနည်းငယ်သာ တိုးတက်မှုရှိလာကြောင်း ဦးမင်းအောင်ခန့်ကဆိုသည်။ မေလဆန်းပိုင်းတွင် ပြည်တွင်းဈေးကွက်အတွင်း အရောင်းအဝယ ၃၅ ရာခိုင်နှုန်းခန့်သာရှိခဲ့ပြီး လက်ရှိပြည်တွင်းသွားလာမှုလမ်းကြောင်းများ ပြန်လည်ဖွင့်လာစဉ် စက်သုံးဆီဈေးကွက်အရောင်းအဝယ်သည် ၅၅ ရာခိုင်နှုန်းအထိ ပြန်လည်မြင့်တက်လာကြောင်း ပြည်တွင်းစက်သုံးဆီဈေးကွက်မှသိရသည်။

ဇွန်၁ ရက်တွင် ပြည်တွင်းစက်သုံးဆီဆိုင်တစ်ခု၏ လက်ကားရောင်းချသည့်ဈေးနှုန်းများမှာ ဒီဇယ် တစ်လီတာ လျှင် ၅၂၈ ကျပ်၊ ပရီမီယမ်ဒီဇယ် တစ်လီတာ ၅၃၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၄၄၀ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၅၆၀ ကျပ်၊ အောက်တိန်း ၉၇ တစ်လီတာလျှင် ၈၇၀ ကျပ်ဖြင့်ပေါက်ဈေးရှိခဲ့ပြီး မေလလယ်နောက်ပိုင်း ကာလများထက် တစ်လီတာလျှင် ဈေးနှုန်း ၆၀ ကျပ်အထိ မြင့်တက်လာကြောင်း စက်သုံးဆီဈေးကွက်မှသိရသည်။ “စက်သုံးဆီးဈေးနှုန်းကတော့ ကမ္ဘာ့ပေါက်ဈေးကို ဝယ်ယူရတဲ့ဈေးကို အခြေခံတွက်ချက်ရတာဖြစ်လို့။ ပြည်တွင်းသုံးစွဲမှုတွေတက်လာလို့ ဈေးတက်လာတာတော့ မဟုတ်ဘူး။ ဈေးကွက်ပေါ်အခြေပြုတာဖြစ်လို့ ပြည်တွင်းပေါက်ဈေးက နိုင်ငံတကာဈေးကွက်ပေါ်မှာပဲမူတည်မယ်”ဟု မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးသူများအသင်းရုံးအဖွဲ့မှုးဦးဝင်းမြင့်က မြန်မာတိုင်မ်းသို့မှတ်ချက်ပြုသည်။

ပြည်တွင်းစက်သုံးဆီဖြန့်ဖြူးရောင်းချသူများအနေဖြင့် မတ်လနှင့်ဧပြီလအတွင်း ဝယ်လိုအားဈေးကွက်ကျဆင်းခဲ့ပြီး Covid-19 ဂယက်ကြောင့် ကမ္ဘာ့ရေနံဈေးများ စံချိန်တင်ထိုးကျလာကာ နောက်ဆက်တွဲအနေဖြင့် ပြည်တွင်း စက်သုံးဆီဈေးနှုန်းများကျဆင်းလာခြင်းဖြစ်သည်။ မေ၁၈ ရက်တွင် စက်သုံးဆီဆိုင်တစ်ခု၏ လက်ကားရောင်းချသည့်ဈေးနှုန်းများမှာ ဒီဇယ် တစ်လီတာ လျှင် ၄၇၀ ကျပ်၊ ပရီမီယမ်ဒီဇယ် တစ်လီတာ ၄၈၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၃၈၀ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၅၀၀ ကျပ်၊အောက်တိန်း ၉၇ တစ်လီတာလျှင် ၈၁၀ ကျပ်ဖြင့် မေလဆန်းနောက်ပိုင်း ဈေးနှုန်းများထက် တစ်လီတာလျှင် ၇၀ ကျပ်နှုန်း ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ကမ္ဘာ့ရေနံထုတ်လုပ်မှုကိုဆက်လက်လျှော့ချနိုင်ဖွယ်ရှိသော်လည်း ကမ္ဘာအနှံ့အပြားတွင် သုံးစွဲမှုပြန်လည်စတင်လာခြင်းကြောင့် ဈေးနှုန်းများ အတက်ဘက်တွင် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း စက်သုံးဆီလုပ်ငန်းလုပ်ကိုင်သူများက ခန့်မှန်းကြသည်။ Covid-19 မဖြစ်ခင်ကာလ၂၀၂၀ ပြည့်နှစ်၊မတ် ၇ ရက်ထိ ပြည်တွင်းစက်သုံးဆီဈေးနှုန်းမှာ အောက်တိန်း– ၉၂ တစ်လီတာ ကျပ် ၆၆၀၊ အောက်တိန်း– ၉၅ တစ်လီတာ ကျပ် ၇၈၀၊ ဒီဇယ်တစ်လီတာ ကျပ် ၇၂၀ နှင့် ပရီမီယံဒီဇယ်တစ်လီတာ ကျပ် ၇၃၀ ဖြင့်ရောင်းချခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/139808.html

## ကိုဗစ်ကိုအကြောင်းပြ၍ နယ်စပ်ကုန်သွယ်ရေးကို တင်းကြပ်ခြင်းမဟုတ်ဟုတရုတ်ပြော

တရုတ်အစိုးရသည် COVID-19 ကို အကြောင်းပြ၍ နယ်စပ်ကုန်သွယ်ရေးကိုတင်းကြပ်ခြင်းမဟုတ်ဘဲ ပြည်သူ့ကျန်းမာရေးကို အလေးထားသဖြင့် မြန်မာနယ်စပ်မှတင်သွင်းသောကုန်စည်များအား ကြပ်မတ်နေခြင်းဖြစ်ကြောင်း မန္တလေးအခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ် ဦးခင်စိန်က ဧရာဝတီကိုပြောသည်။ “ကုန်သွယ်ရေးကို တင်းကြပ်တာတော့ မဟုတ်ပါဘူး။ ကျနော်တို့ တရုတ်အစိုးရအနေနဲ့ အလေးထားတာ နှစ်ချက်ရှိပါတယ်။ အဲဒါက COVID-19 ရောဂါပြန်မဖြစ်ဖို့နဲ့ စီးပွားရေး မြန်မြန်ဆန်ဆန် လည်ပတ်ဖို့တွန်းအားပေးနေတာပါပဲ။ အဲဒီမှာ အစိုးရရဲ့မူဝါဒက မြန်မာနိုင်ငံအတွက်လည်းအတူတူပါပဲ” ဟု ၎င်းကဆိုသည်။

မန္တလေးမြို့တွင် မေ ၂၃ ရက်က ပြုလုပ်သည့် တရုတ်နိုင်ငံမှ COVID -19 ဓာတ်ခွဲခန်းသုံးဆိုင်ရာ ပစ္စည်းများ လှူဒါန်းပွဲအပြီး ဧရာဝတီ သတင်းဌာန၏ လက်ရှိနယ်စပ်ကုန်သွယ်ရေး ယူနန်ပြည်နယ်အစိုးရက တင်းကြပ်သောဆောင်ရွက်ချက်နှင့် ပတ်သက်သည့် မေးမြန်းချက်အား တရုတ်ကောင်စစ်ဝန်ချုပ်က ထိုသို့ ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။တရုတ် ကောင်စစ်ဝန်ချုပ် ဦးခင်စိန်က “အဲဒါနဲ့ ပတ်သက်ပြီး ကျနော် ဒီကို မလာခင်ကလည်း ယူနန်ပြည်နယ် အစိုးရကို သေချာစုံစမ်းခဲ့ပါတယ်။ ကိုဗစ်ကြောင့် မြန်မာနိုင်ငံက ကုန်ပစ္စည်းတွေကို လုံးဝမဝယ်ဘူးလို့ ကန့်သတ်ပစ်တာမျိုးမရှိပါဘူး။ ကုန်စည်အားလုံးက စနစ်တကျနဲ့ နယ်စပ်ကတဆင့်တရုတ်နိုင်ငံကိုရောင်းချနေပါတယ်။ ဒါပေမယ့် ရောဂါမဖြစ်ခင်က အခြေအနေလောက်အထိ တော့ မများသေးဘူးပေါ့” ဟုဆိုသည်။

မြန်မာနိုင်ငံတွင် မတ်လ ၂၃ ရက်မှ စတင်၍ COVID-19 ရောဂါပိုး စတင်တွေ့ရှိခဲ့ပြီးနောက် တရုတ်အစိုးရက နယ်စပ်ဂိတ်များတွင် အဝင်အထွက်ကန့်သတ်လိုက်ခြင်း၊ ကုန်စည်တင်ပို့မှုတွင်တင်းကြပ်ခြင်း၊ တရုတ်နိုင်ငံအတွင်းသို့ ကုန်စည်တင်ပို့ရာတွင် ကုန်ကားများ၌ ကျန်းမာရေးစစ်ဆေးမှုအောင်မြင်ပြီးသော အစားထိုးယာဉ်မောင်းများဖြင့်ပြောင်းလဲရန် စသည့် သတ်မှတ်ချက်များအား ထုတ်ပြန်ဆောင်ရွက်နေသည်မှာ ယနေ့အထိဖြစ်သည်ဟု တရုတ်-မြန်မာနယ်စပ်ရှိ ကုန်သည်များက ဧရာဝတီကိုပြောပြသည်။

သို့ရာတွင် ယူနန်ပြည်နယ်အစိုးရ၏ နယ်စပ်ဂိတ်များတွင်ချမှတ်ထားသော COVID-19 ထိန်းချုပ်ရေး စည်းကမ်းချက်များသည် တသမတ်တည်းမဟုတ်ဘဲ သားရေကွင်းကဲ့သို့ အတိုးအလျှော့ပုံစံသွားနေသဖြင့် နယ်စပ်ကုန်သွယ်ရေးကို မှီခိုနေရသော လုပ်ငန်းရှင်အများစုအတွက် အကြပ်အတည်းဖြစ်စေသည်ဟုပြောဆိုကြသည်။ မူဆယ်-နမ့်ခမ်းကုန်သည်ကြီးများ အသင်း၏ဗဟိုအလုပ်အမှုဆောင် ဦးစိုင်းခင်မောင်က “သူတို့လိုချင်တဲ့ကုန်ဆိုရင် ဖွင့်ပေးတယ်။ အဲဒီလိုမှမဟုတ်ရင် ကိုဗစ် အကြောင်းပြပြီးကန့်သတ်တယ်။ တဖက်လှည့်နဲ့ ဖမ်းတာဆီးတာတွေ လုပ်တယ်။ ကိုဗစ်မတိုင်ခင်ကလည်း ဒီလိုတွေ မကြာခဏ ရှိခဲ့ပေမယ့် အခုကိုဗစ်ကာလဆိုတော့ ကျန်းမာရေးအကြောင်းပြလို့ ပိုကောင်းသွားတာပေါ့” ဟု ဧရာဝတီကိုပြောသည်။

**Source:** https://burma.irrawaddy.com/news/2020/05/30/223670.html

## သထုံမြို့နယ်နှင့် ကျေးရွာတချို့တွင် အာဆီယံသပြေစိုက်ပျိုးသူများ ဝင်ငွေကောင်း၍ အဆင်ပြေလျက်ရှိ



မွန်ပြည်နယ် သထုံမြို့နယ်နှင့်ကျေးရွာတချို့တွင် အာဆီယံသပြေ စိုက်ပျိုးသူ ခြံပိုင်ရှင်များ ဝင်ငွေကောင်း၍ အဆင်ပြေလျက်ရှိကြောင်း ခြံပိုင်ရှင်များထံမှသိရသည်။ ယခုအခါ အပူချိန်မြင့်တက်နေချိန်တွင် အခြားသောပန်းများထက် အာဆီယံသပြေက လေးရက်နှင့်ငါးရက်ထိအထားခံခြင်းကြောင့် ဝယ်ယူသူများပြားပြီး အာဆီယံသပြေတစ်စည်းလျှင် ကျပ် ၂၀၀ မှ ၅၀၀ ထိရောင်းရကာ အပင်တစ်ပင်အား တစ်ပတ်လျှင်နှစ်ကြိမ်ခူးရကြောင်း သထုံမြို့နယ်မှခြံပိုင်ရှင် တစ်ဦးကပြောသည်။ အာဆီယံသပြေစိုက်ပျိုးရာတွင် မြေနေရာကျယ်ဝန်းပြီး မြေဆီလွှာကောင်းမွန်သော သဲမြေနှင့်နုန်းမြေများတွင် ရေလောင်းရေဖျန်း စိုက်ပျိုးစနစ်က ပိုမိုအောင်မြင်ကြောင်းသိရသည်။

Source: **https://www.facebook.com/TheMirrorDaily/**

## ပင်လယ်ပြင်ငါးဖမ်းဆီးခွင့် သုံးလစတင်ပိတ်ပြီဖြစ်၍ ကမ်းဝေးငါးဖမ်းရေယာဉ်များအားလုံး ကမ်းသို့ပြန်လည်ဝင်ရောက်နေ

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းဒေသရှိ ပင်လယ်ပြင်ငါးဖမ်းခွင့်ကို သုံးလတိတိပိတ်သိမ်းလိုက်ပြီဖြစ်၍ ကမ်းဝေးငါးဖမ်းရေယာဉ်များအားလုံး ဇွန် ၁ ရက်ကစတင်ကာ ကမ်းသို့ပြန်လည်ဝင်ရောက်နေပြီဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနကသိရသည်။ ဟိုင်းကြီးကျွန်းဒေသတွင် ကမ်းဝေးငါးဖမ်းရေယာဉ် ၈၆ စင်းရှိပြီး မေ ၂၉ ရက်ကစတင်ကာ ပင်လယ်ပြင်မှ တစ်စင်းပြီးတစ်စင်း ပြန်လည်ဝင်ရောက်လာခဲ့ကြရာမှ မေ ၃၁ ရက် ညပိုင်းတွင် ရေယာဉ်များအားလုံး ကမ်းသို့ပြန်လည်ဝင်ရောက်လာခဲ့ကြပြီး ကမ်းနီးငါးဖမ်းရေယာဉ်များက ပုံမှန်အတိုင်း ငါးဖမ်းဆီးလျက်ရှိကြောင်းသိရသည်။ "ယခင်နှစ်ကတည်းက ပင်လယ်ပြင်သုံးလပိတ်ခဲ့တာကို ကြုံတွေ့ခဲ့ရပြီဖြစ်လို့ ယခုနှစ်မှာ ငါးဖမ်းဆီးရရှိမှုနည်းပြီး အရှုံးများတဲ့ကြားက ကြိုတင်ပြင်ဆင်မှုတွေကို လုပ်ဆောင်ခဲ့ပါတယ်။ ရေယာဉ်တွေကမ်းကိုပြန်ခေါ်ပြီးရင် လုပ်သားတွေကိုတော့ လုပ်ခလစာနဲ့ပတ်သက်လို့ စာရင်း ရှင်းလင်းပြီးတာနဲ့ သက်ဆိုင်ရာဒေသတွေကို ပြန်လွှတ်မှာပါ။ သုံးလအတွင်းတော့ ငါးဖမ်းပိုက်ပြင်ဆင်ရေးနဲ့ ရေယာဉ်ပြင်ဆင်ရေးအတွက် ဒေသခံတချို့ကို အလုပ်ပေးထားမှာပါ" ဟု ဒေသခံရေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယခင်နှစ်ငါးဖမ်းခွင့် သုံးလပိတ်သိမ်းခဲ့စဉ်က ငါးဖမ်းခွင့်ပြန်လည်ရရှိသည့်အချိန်၌ လုပ်သားရှားပါးသည့်အခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် ရေယာဉ်ပိုင်ရှင်များနှင့် အလုပ်သမားကိုယ်စားလှယ်တချို့ပူးပေါင်း၍ ဒေသခံနှင့်ရပ်ဝေးပြန် ရေလုပ်သားများကို သုံးလအတွင်းငွေကြေးနှင့်စားသောက်ဖွယ်ရာများထောက်ပံ့ကာ ထိန်းသိမ်းထားနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ရေလုပ်ငန်းရှင်များ၏ ငါးရှာဖွေရရှိမှုနည်းခြင်း၊ အရှုံးပေါ်မှုများရှိနေခြင်းကြောင့် ရေလုပ်သားအများစုကို ထိန်းသိမ်း ထားနိုင်တော့မည်မဟုတ်ကြောင်း အလုပ်သမားကိုယ်စားလှယ်တစ်ဦးကပြောသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## COVID-19 ကြောင့် ဖရဲ၊ သခွားစိုက်တောင်သူများ ထိခိုက်နစ်နာမှု အများဆုံးနှစ်ဖြစ်




COVID-19 ရောဂါကြောင့် ဒီနှစ်ဟာ ဖရဲ၊ သခွားစိုက်ပျိုးတဲ့ တောင်သူတွေအတွက် ဆုံးရှုံးနစ်နာမှု အများဆုံးနှစ်ဖြစ်တယ်လို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်က ဖရဲသခွားစိုက်တောင်သူတွေကပြောပါတယ်။ အခုနှစ် ဖရဲ၊ သခွားစပေါ်ချိန်က ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းခဲ့ပေမယ့် COVID-19 ရောဂါဖြစ်ပွားချိန်ကစပြီး ဖရဲ၊ သခွားဈေးကွက်လည်း ပျက်လာခဲ့တာလို့ဆိုပါတယ်။

ကိုဗစ်ကာလမှာ နယ်စပ်ကုန်သွယ်မှု ထိခိုက်တာတွေ၊ သယ်ယူပို့ဆောင်ရေးစရိတ် မြင့်တက်တာတွေ ကြုံတွေ့နေရတာကြောင့် ဖရဲ၊ သခွားစိုက်တောင်သူတွေအနေနဲ့ ထိခိုက်ဆုံးရှုံးမှုတွေကြုံတွေ့ခဲ့ရတာလည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေမှာ အရှုံး၊ အမြတ် ကွာခြားမှုမရှိခဲ့ပေမယ့် အခုနှစ်မှာတော့ တောင်သူ(၈၀)ရာနှုန်းဝန်းကျင်ဟာ စိုက်ပျိုး စရိတ် အရင်းပြန်မရခဲ့ကြဘူးလို့ ချောင်းဦးမြို့နယ်၊ ယာကြီးတောကျေးရွာက ဖရဲ၊ သခွားစိုက်တောင်သူ ဦးဝင်းဌေးကပြောပါတယ်။

ဖရဲသခွားတစ်ဧကရဲ့ စိုက်ပျိုးကုန်ကျစရိတ်ဟာ ကျပ်သိန်း(၂၀)ကျော်ဝန်းကျင်ရှိတာကြောင့် စိုက်ပျိုးဖို့ စရိတ် မတတ်နိုင်တဲ့ တောင်သူတွေဟာ နီးစပ်ရာ ငွေကြေးချေးငှားပြီး စိုက်ပျိုးခဲ့ကြရတာဖြစ်တယ်လို့လည်းဆိုပါတယ်။ အခုလိုအရှုံးပေါ်တာကြောင့် ချေးငွေပြန်ဆပ်နိုင်ဖို့အတွက် တခြားသီးနှံစိုက်ပျိုးထားရပြီး အဆင်မပြေခဲ့ရင် မြေရောင်းပြီး အကြွေးဆပ်ရမှာဖြစ်တယ်လို့ ဖရဲ၊ သခွားစိုက်တောင်သူ ဦးမင်းကျော် ကပြောပါတယ်။ " နှမ်းလေး ပြန်စိုက်ထားတယ်။ အကုန်မကျေတောင် တချို့တစ်ဝက်တော့ ပွဲရုံတွေကို ပြန်ဆပ်နိုင်မယ်ထင်တာပဲ။ ပေးဖို့ကျန်တယ်။ နှမ်းကပြန်မရရင်တော့ မြေဖြတ်သင့်ဖြတ်ရမှာပေါ့" လို့ ဦးမင်းကျော်က ဆိုပါတယ်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ချောင်းဦး၊ မုံရွာ၊ ယင်းမာပင်၊ ပုလဲ၊ ရေဦး စတဲ့မြို့နယ်တွေမှာ ဖရဲ၊ သခွားစိုက်ပျိုးတဲ့ တောင်သူတွေနဲ့ကုမ္ပဏီတွေရှိပြီး ဖရဲစိုက်ဧက (၅၀၀၀၀) နဲ့ သခွားစိုက်ဧက(၃၀၀၀၀) ဝန်းကျင်ရှိတယ်လို့သိရပါတယ်။ အခုနှစ်

ဖရဲ၊ သခွားစိုက်တောင်သူတွေ အရှုံးပေါ်ခဲ့တာဟာ နှစ်(၂၀)အတွင်း စံချိန်တင်အရှုံးပေါ်ခဲ့တာလို့လည်း စစ်ကိုင်းတိုင်းဒေသကြီး ဖရဲ၊ သခွားစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း တာဝန်ရှိသူကပြောကြားခဲ့ပါတယ်။

**Souce:** https://www.facebook.com/onenewsmyan/

## ယူရိုဇုန်၏ ပထမသုံးလပတ်ကာလ စီးပွားရေးတိုးတက်မှုနှုန်းကျဆင်းခဲ့ခြင်း

ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်း၏ရိုက်ခတ်မှုကြောင့် ပြီးခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်လျှင် ယခုနှစ်၏ ပထမသုံးလပတ်ကာလတွင် ယူရိုဇုန်၏ စီးပွားရေးသည်ကျဆင်းခဲ့ကြောင်း၊ အီးယူ၏ စာရင်းအင်းရုံးအဖွဲ့ဖြစ်သည့် Eurostat အရ ယူရိုဇုန် (၁၉) နိုင်ငံ၏ GDP မှာ ပြီးခဲ့သည့် သုံးလပတ်နှင့်နှိုင်းယှဉ်ချက်တွင် (၃.၈) ရာခိုင်နှုန်းနှင့်နှစ်အလိုက်နှိုင်းယှဉ်ချက်တွင် (၃.၂) ရာခိုင်နှုန်းဖြင့်ကျဆင်းခဲ့ကြောင်း၊ ထိုသို့ကျဆင်းမှုသည် ယူရိုဇုန်၏ စီးပွားရေးကျဆင်းမှု (၄.၅) ရာခိုင်နှုန်းဖြစ်ပေါ်ခဲ့သည့် ၂၀၀၉ ခုနှစ်၊ တတိယသုံးလပတ်နောက်ပိုင်း အများဆုံးကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

သုံးလပတ်ကာလအတွက် စီးပွားရေးကျဆင်းမှုတွင် ပြင်သစ်နိုင်ငံသည် (၅.၈) ရာခိုင်နှုန်းဖြင့် စံချိန်တင်ကျဆင်းခဲ့ပြီး၊ ဆလိုဗက်ကီးယားနိုင်ငံ(၅.၄) ရာခိုင်နှုန်း၊ အီတလီနိုင်ငံ (၄.၇) ရာခိုင်နှုန်း၊ ဂျာမနီနိုင်ငံ(၂.၂) ရာခိုင်နှုန်းတို့ဖြင့် အသီးသီး ကျဆင်းခဲ့ကြောင်း၊ ယူရိုဇုန်နိုင်ငံများအနက် ဖင်လန်နိုင်ငံ တစ်နိုင်ငံတည်းသာလျှင် စီးပွားရေးတိုးတက်မှုရှိခဲ့ပြီး၊ (၀.၁) ရာခိုင်နှုန်း ဖြင့်သာ တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း၊ နှစ်အလိုက်နှိုင်းယှဉ်ချက်အရ ကပ်ရောဂါ၏ရိုက်ခတ်မှုကြောင့် မတ်လတွင် ယူရိုဇုန်၏ ပို့ကုန် (၆.၂) ရာခိုင်နှုန်းနှင့် သွင်းကုန် (၁၀.၁) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်းလည်း သိရှိရပါသည်။ ယူရိုဇုန်၏ အလုပ်အကိုင်ရရှိမှု အပိုင်းတွင်လည်း ယခုနှစ် ပထမသုံးလပတ်တွင် (၀.၂) ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ အလုပ်အကိုင်ရရှိမှု တိုးတက်မှုနှုန်းထားသည် လည်း ပြီးခဲ့သည့်နှစ်တွင် (၁.၁) ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်တွင် (၀.၃) ရာခိုင်နှုန်းသို့ သိသိသာသာကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

**Source: neweurope**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## နယ်သာလန်နိုင်ငံ၏ အလုပ်လက်မဲ့ဖြစ်မှု ဘဏ္ဍာရေးအကျပ်အတည်းကာလထက် မြင့်တက်လျက်ရှိ

နယ်သာလန်နိုင်ငံ စာရင်းအင်းဌာန (Statistics Netherlands) အရ နယ်သာလန်နိုင်ငံ၏ အလုပ်အကိုင်ရှိသူ အရေအတွက်မှာ ပြီးခဲ့သည့်ဧပြီလတွင် ၁၆၀၀၀၀ ခန့် ကျဆင်းခဲ့ကြောင်း၊ အလုပ်လက်မဲ့ဖြစ်မှုအရေအတွက်မှာလည်း မတ်လတွင် (၂.၉) ရာခိုင်နှုန်းမှ ဧပြီလတွင် (၃.၄) ရာခိုင်နှုန်းသို့တိုးလာခဲ့ပြီး၊ အလုပ်အကိုင်နှင့်ပတ်သက်၍ ထိခိုက်မှုအများဆုံးမှာ လူငယ်များဖြစ်ကြကြောင်း၊ အလုပ်ရှိသူဦးရေကျဆင်းမှုနှင့် အလုပ်လက်မဲ့ဦးရေတိုးလာမှုနှစ်ခုစလုံးမှာ ၂၀၀၃ ခုနှစ်အထိ မှတ်တမ်းများအရ လအလိုက်စာရင်းဇယားများတွင် အများဆုံးဖြစ်ကြောင်း၊ ယင်းအချက်မှာ ၂၀၀၈ ခုနှစ်၊ ဘဏ္ဍာရေးအကျပ် အတည်းကာလထက် ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းကာလတွင် အလုပ်လက်မဲ့ဖြစ်မှုနှုန်းသည် ပို၍လျင်မြန်စွာတိုးလာသည်ကို ပြသနေကြောင်း သိရှိရပါသည်။

ပြီးခဲ့သည့်လအတွင်း နယ်သာလန်နိုင်ငံ၌ လူဦးရေ (၃၁၄၀၀၀) သည် အလုပ်လက်မဲ့ဖြစ်ခဲ့ပြီး၊ မတ်လထက် (၄၁၀၀၀) ပိုမိုများပြားခဲ့ကြောင်း၊ တိုးလာသည့်အလုပ်လက်မဲ့အရေအတွက်မှ (၂၅၀၀၀) သည်လူငယ်များဖြစ်ကြောင်း၊ နယ်သာလန်နိုင်ငံ၊ အလုပ်သမားအာမခံအေဂျင်စီ (UWV) အရ ဧပြီလ တွင်အလုပ်လက်မဲ့အကျိုးခံစားခွင့်ရှိသူအရေအတွက်မှာ (၂၉၂၀၀၀) ဦးရှိခဲ့ပြီး (၄၂၀၀၀) ဦး တိုးလာခဲ့ကြောင်း၊ အဆိုပါအရေအတွက်မှာ ၂၀၁၉ ခုနှစ်၊ မတ်လနှင့်ဧပြီလတို့နှင့်နှိုင်းယှဉ်ပါက (၁၆.၇) ရာခိုင်နှုန်းနှင့် (၁၃.၅) ရာခိုင်နှုန်းတိုးလာခြင်းဖြစ်ကြောင်း၊ ယခုနှစ်၊ ဧပြီလတွင် အဆိုပါအေဂျင်စီအနေဖြင့် အလုပ်လက်မဲ့ အကျိုးခံစားခွင့်အသစ် (၇၄၀၀၀) ကို ထုတ်ပေးခဲ့ပြီး၊ မတ်လတွင် ၎င်းအရေ အတွက်မှာ (၃၈၀၀၀) ရှိခဲ့ကြောင်းသိရှိရပါသည်။

အလုပ်လက်မဲ့အကျိုးခံစားခွင့်ရယူသူအရေအတွက်မှာ ကဏ္ဍအားလုံးတွင် တိုးလာခဲ့ခြင်းဖြစ်ပြီး၊ အများစုမှာ သန့်ရှင်းရေး၊ ယာယီအလုပ်အကိုင်အေဂျင်စီများ၊ လက်လီလုပ်ငန်း၊ ယဉ်ကျေးမှု ဆိုင်ရာနှင့်အစားအသောက်ဝန်ဆောင်မှုလုပ်ငန်း ကဏ္ဍတို့ဖြစ်ကြကြောင်း၊ အသက်အရွယ်အုပ်စုများ အားလုံး၌လည်း ယင်းအကျိုးခံစားခွင့်အရေအတွက်မှာ တိုးတက်လာနေပြီး၊ အများစုမှာ အသက် (၁၅)နှစ်မှ (၂၅) နှစ်အကြား လူငယ်များဖြစ်ကြောင်း၊ အဆိုပါအချက်အလက်များအရ လူငယ်အများအပြား

သည် စီးပွားရေးထိခိုက်မှုရှိလာချိန်တွင် လုပ်ငန်းများကလုပ်သားလျှော့ချလေ့ရှိကြသည့် ယာယီအလုပ်အကိုင်များ၌သာ လုပ်ကိုင်နေကြခြင်းဖြစ်သည်ကိုတွေ့ရကြောင်း သိရှိရပါသည်။

**Source: နယ်သာလန်တိုင်းမ်**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## ထိုင်းသစ်သီးဝလံပွဲတော်ကို ကျင်းပမည့်တရုတ်နိုင်ငံ

တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံမှ တင်သွင်းသော ဒူးရင်းသီး၊ မင်းဂွတ်သီး၊ တော ကြက်မောက်သီးနှင့် အုန်းသီးတို့အား The Thailand Fruit Golden Months Festival ပွဲကျင်းပကာ တရုတ်မြို့ကြီး (၈)မြို့တွင် အရောင်းမြှင့်တင်သွားမည်ဟု သိရပါသည်။

ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် Somdet Susomboon၏ ပြောကြားချက်အရ ၎င်းပွဲတော်အား မေလမှဇူလိုင်လအထိ တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့၊ ချင်းတောင်မြို့၊ နန်နင်းမြို့၊ ချန်ဒူးမြို့၊ ချုံချင်းမြို့၊ ရှီအန်းမြို့၊ ရှမန် မြို့နှင့် ကူမင်းမြို့တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ၎င်းမြို့ကြီးများ၏ အသွားအလာ ကန့်သတ်မှုများမှာ ဖြေလျှော့ထားပြီးဖြစ်၍ ယခုကဲ့သို့ ကျင်းပနိုင်ခြင်းဖြစ်ကြောင်း၊ ဤပွဲတော်မှာ ထိုင်းနိုင်ငံမှ ဒူးရင်းသီး၊ မင်းဂွတ်သီး၊ တောကြက်မောက်သီး၊ အုန်းသီး၊ သရက်သီး၊ ပန်းသီး၊ ကျွဲကောသီးနှင့်ငှက်ပျောသီးတို့အား တိုးမြှင့်တင်ပို့သွားရန် ရည်ရွယ်ကြောင်း သိရပါသည်။

ဤပွဲတော်အား အွန်လိုင်းပေါ်တွင်ရော၊ အွန်လိုင်းပြင်ပတွင်ပါ ကျင်းပမည်ဖြစ်ကာ၊ ဒေသခံ လက်လီရောင်းချသူများနှင့် အခွင့်အာဏာရှိပုဂ္ဂိုလ်များက ဝိုင်းဝန်းပံ့ပိုးကြခြင်း ဖြစ်ပါသည်။ အွန်လိုင်းပေါ်မှ အရောင်းမြှင့်တင်မှုများအတွက် ဌာနများနှင့် ဒေသအာဏာပိုင်များက Gesoနှင့် Hemaကဲ့သို့သော တရုတ်မိုဘိုင်းလ် Applicationများကို အသုံးပြု၍ တရုတ်နိုင်ငံမှ သစ်သီးဝလံလက်လီရောင်းချသူများနှင့် ထိုင်းနိုင်ငံမှတင်ပို့သူများအကြား အွန်လိုင်းပေါ်မှ စီးပွားရေးလုပ်ငန်း အချင်းချင်း တွေ့ဆုံပွဲများအား မေလမှစတင်ကျင်းပသွားမည်ဖြစ်ပါသည်။

အွန်လိုင်းပြင်ပရောင်းချမှုများအတွက် Hisense Plaza၊ Leader၊ Ole၊ Yuehui Plaza၊ Carrefour၊ Lotusနှင့် Parkson တို့တွင် ပြခန်းများတည်ဆောက်၍ ရောင်းချသွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအနေနှင့် အသွားအလာကန့်သတ်မှုများ အဆုံးသတ်သွားပါက စင်ကာပူ၊ မြန်မာနှင့်လာအိုရှိ အခြားဈေးကွက်များနှင့်လည်း မြှင့်တင်ရေးလှုပ်ရှားမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံမှ သစ်သီးဝလံများအတွက် မြှင့်တင်ရေးပွဲများကို အွန်လိုင်းပေါ်တွင်ရော၊ အွန်လိုင်းပြင်ပတွင်ပါ ကျင်းပသကဲ့သို့ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တရားဝင်တင်သွင်းခွင့် ရရှိထားသော သစ်သီးဝလံများကို တရုတ်ဘက်မှ မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်လျက် ယခုကဲ့သို့အရောင်းမြှင့်တင်မှုများပြုနိုင်ပါက ဖြစ်နိုင်ခြေရှိပါသည်။ ထိုကဲ့သို့ ပူးပေါင်း ဆောင်ရွက်မှုများပြုနိုင်ပါက နောင်လာမည့်သစ်သီးထွက်ရှိသောရာသီများတွင် တရုတ်ဘက်မှဝယ်ယူသူများနှင့် မြန်မာဘက်မှသစ်သီး ရောင်းချသူများ စနစ်တကျချိတ်ဆက်ရောင်းဝယ်မှုပြုနိုင်မည့် အခွင့်အလမ်းများပေါ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း ရေးသား ဖော်ပြအပ်ပါသည်။

**Source: Fruitnet** (၂၅-၅-၂၀၂၀)

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ် (နန်နင်း)**

# STOCK EXCHANGE (2.6.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 2nd Jun. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | -500 | -4.55% | 11,000 | 11,000 | 10,500 | 8,290 | 87,191,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,800 | -50 | -1.30% | 3,850 | 3,850 | 3,750 | 1,006 | 3,818,150 | 38,929,150 | 147,931 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 12 | 97,200 | 10,400,986 | 84,248 |
| FPB | 00004 | 23,500 | -500 | -2.08% | 23,500 | 23,500 | 23,500 | 55 | 1,292,500 | 2,472,053 | 58,093 |
| TMH | 00005 | 2,750 | -100 | -3.51% | 2,850 | 2,850 | 2,750 | 201 | 552,850 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 4,018 | 10,848,600 | 19,977,223 | 53,939 |


## Market summary

As of 2nd Jun. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 446.36 | -12.11 | -2.64% | 458.47 | 458.47 | 445.88 | 13,582 | 103,800,800 | 6 | 664,159 |

### Index chart




## Market Overview

As of 1:00 pm, 2nd Jun. 2020

| MYANPIX | 446.36 ▼12.11 |
|---|---|
| Total Volume (shares) | 13,582 |
| Total Value (MMK) | 104 mil |
| Listed Company | 6 |
| Market Cap. (MMK) | 664,159 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▼ 500 |
| MTSH | 00002 | 3,800 | ▼ 50 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 23,500 | ▼ 500 |
| TMH | 00005 | 2,750 | ▼ 100 |
| EFR | 00006 | 2,700 | ▲ 0 |